

# ငိုကြွေးနေသော ဘဝများ ၂၀၂၂

ကရင်နီပြည်မှ စစ်ဘေးရှောင် ပြည်သူများအား
အာဏာရှင်စစ်တပ်မှ အစုအပြုံလိုက်
အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခြင်း
နှစ်ပတ်လည်နေ့ ဒီဇင်ဘာ ၂၄ ရက်။

ND-Burma

# နိဒါန်း

အကြမ်းဖက်စစ်ခေါင်းဆောင် မင်းအောင်လှိုင် ဦးဆောင်သည့် အကြမ်းဖက်စစ်တပ်သည် မြန်မာနိုင်ငံအား စစ်အုပ်ချုပ်ရေးစနစ် ပြန်လည်အသက်သွင်းရန် ၂၀၂၀ ခုနှစ် “ရွေးကောက်ပွဲရလဒ် မဲမသမာမှုရှိသည်”ဟု သက်သေအထောက်အထား အခိုင်အလုံမရှိ၊ အကြောင်းမရှိအပြစ်ရှာကာပြည်သူလူထုမှ ရွေးကောက်တင်မြှောက်ထားသည့် ပြည်သူ့အစိုးရထံမှ ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့တွင် မတရားအာဏာသိမ်းယူခဲ့သည်။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံ၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် မီဒီယာဆိုသည့် မဏ္ဍိုင်ကြီးလေးရပ်သည်အကြမ်းဖက်စစ်တပ်၏ လက်ထဲသို့ ကျရောက်သွားခဲ့သည်။ ထို့အပြင် နိုင်ငံအဝန်းတွင်လည်းတရား ဥပဒေစိုးမိုးမှုမရှိ တော့ပေ။

သို့သော် ယခုလက်ရှိ အခြေအနေအရ အကြမ်းဖက်စစ်တပ်၏ မတရား အာဏာသိမ်းယူမှုကို မြန်မာတစ်နိုင်ငံလုံးရှိ ပြည်သူလူထုများ၊ တိုင်းရင်းသားလက်နက်ကိုင်တပ်များ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များမှ (PDF) ဆန့်ကျင် ခုခံတော်လှန်နေသည်မှာ ယနေ့မတရား အာဏာသိမ်းပြီး ၂ နှစ် နီးပါးရှိလာသည့်တိုင် သွေးအေးမသွားပဲ ဆင်နွှဲနေဆဲဖြစ်သည်။ အကြမ်းဖက်စစ်တပ်သည် တိုင်းပြည်အာဏာကို မတရားသိမ်းပိုက်ပြီးနောက် တိုင်းရင်းသားဒေသ ချင်း၊ ကရင်၊ ကချင်၊ ကယား(ကရင်နီ) နှင့် ယခင်က တိုက်ပွဲများမရှိခဲ့ဖူးသော ဗမာလူမျိုး အများစုနေထိုင်သည့် စစ်ကိုင်း၊ မကွေးဒေသများတွင်ပါမကျန် အပြင်းထန်ဆုံး ထိုးစစ်ဆင် တိုက်ခိုက်လျက် ရှိသည်။ အကြမ်းဖက်စစ်တပ်သည် မြေပြင်ထိုးစစ်ဆင်တိုက်ခိုက်မှုများတွင် အရေးမလှသောကြောင့် နေ့စဉ်ရက်ဆက် လေကြောင်းအားကိုးပြီး ပိုမိုတိုက်ခိုက်လာနေသည်။

အကြမ်းဖက်စစ်တပ်၏ လေကြောင်းအားကိုးပြီး ပရမ်းပတာထိုးစစ်ဆင် ပစ်ခတ်တိုက်ခိုက်မှု များကြောင့် ကယား (ကရင်နီ) ပြည်နယ်တွင် လူနေအိမ်များ၊ စျေးဆိုင်များ၊ လမ်းတံတားများနှင့် ဘာသာရေးအဆောက် အဦးများ ပျက်ဆီးဆုံးရှုံးခဲ့ရပြီး ပြည်သူ အများအပြားသည်လည်း ထိခိုက်သေကျေခဲ့ရသကဲ့သို့၊ စစ်ဘေးရှောင် ပြည်သူများလည်း တရက်ပြီးတရက် တိုးပွားလာနေပါသည်။ ထို့အပြင် ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွါးရေး စသည့် ကဏ္ဍများသည်လည်း ထိခိုက်ဆုံးရှုံးကြရသည်။ ပြည်သူလူထုအပေါ် ပစ်မှတ်ထားပြီး မင်းမဲ့စရိုက်



မီးရှို့ခံထားရသည့် မော်တော်ယာဉ်များ (ဓာတ်ပုံ – KNDF)



ကယားပြည်နယ် ဖရူဆိုမြို့နယ်၊ မိုဆိုကျေးရွာအနီးတွင် မီးရှို့ခံထားရသည့် ရုပ်အလောင်းများကို ဒီဇင်ဘာ ၂၅ ရက်က တွေ့ရစဉ်။ ဓာတ်ပုံ – KNDF

ဆန်စွာ ညှင်းပန်းနှိပ်စက်မှု၊ မတရားဖမ်းဆီးမှု၊ နေအိမ်များ မီးရှို့မှု၊ လေကြောင်းဖြင့်ဗုံးကျဲတိုက်ခိုက်မှုနှင့် လိုက်အပြုံ လိုက်ကို သပြုံလိုက်သတ်ဖြတ်မှု စသည်လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် စစ်ရာဇဝတ်မှုများကို နိုင်ငံအဝန်း၌ အထိန်းအကွပ်မရှိ လွတ်လပ်စွာ ကျူးလွန်နေသည်မှာ အားလုံးအသိပင်ဖြစ်သည်။

အထူးသဖြင့် ဒီဇင်ဘာလ ၂၄ ရက်၊ ၂၀၂၁ခုနှစ်တွင် ကယား (ကရင်နီ) ပြည်နယ်ရှိ ဖရူဆိုမြို့နယ် မိုဆိုကျေးရွာအနီးတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်စစ်တပ်၏ လူအစုလိုက်အပြုံလိုက် အရှင်လတ်လတ် မီးရှို့ သတ်ဖြစ်ခဲ့သည့် လူမဆန်သည့်လုပ်ရပ်သည် တစ်တိုင်းပြည်လုံးသာမက တစ်ကမ္ဘာလုံးကို တုန်လှုပ်ခြောက်ခြားစေခဲ့သည်။ ၎င်းကဲ့သို့သော လူမဆန်သောလုပ်ရပ်သည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် တစ်နှစ် ပြည့်ခဲ့သော်လည်း တရားမျှတမှုမှာ အလှမ်းဝေးနေသေးသည့်အပြင် မိသားစုဝင်များသည် စိတ်ဒဏ်ရာများဖြင့် ရှင်သန်နေရသည်။ ထို့အပြင် ယခု ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ဒီးမော ဆိုမြို့ နယ်အတွင်း လေကြောင်းဖြင့် အဆက်မပြတ် ဗုံးကျဲ တိုက်ခိုက်မှုများနှင့် မြေပြင်ထိုးစစ်ပါ အပြင်းထန်ဆုံး ထပ်မံတိုက်ခိုက်လာသည်။ ထို့ကြောင့် ခရစ္စယာန်ဘာသာဝင် အများဆုံး နေထိုင်သော ကယား(ကရင်နီ) ပြည်နယ်အတွက် အေးချမ်းလှသည့် ဒီဇင်ဘာ ခရစ္စမတ်ကာလသည် ကြေကွဲဝမ်းနည်းမှုများဖြင့် ပြည့်နှက်လို့ နေ သည်။

အကြမ်းဖက်စစ်တပ်၏ လူ အစုလိုက်အပြုံလိုက်သတ် ဖြတ်မှု ဖြစ်စဉ်အချို့ မတရားအာဏာ သိမ်း အကြမ်းဖက်စစ်တပ်သည် မြန်မာ နိုင်ငံဒေသ အသီးသီးတွင် တစ်ကမ္ဘာလုံးမှ လက်မခံနိုင်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအပြင်၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများနှင့်စစ်ရာဇဝတ်မှုများကို စနစ်တကျ စီမံ ကျူးလွန်နေသည်။ ၂၀၂၂ ခုနှစ် မေလထဲတွင် စစ်ကိုင်းတိုင်း ရေဦးမြို့ မုံတိုင်ပင်ရွာတွင် လူအစုလိုက်အပြုံလိုက် မီးရှို့အသတ်ခံထားရသည်။ ထို့အတူ လက်ယက်ကုန်းရွာရှိ ဘုန်းကြီးကျောင်းတွင် ဖွင့်လှစ်ထားသည့် ကျောင်းတစ်ခုတွင်လည်း အကြမ်းဖက်စစ်တပ်၏ လေကြောင်း ပစ်ခတ်တိုက်ခိုက်ခဲ့သောကြောင့် ကလေးသူငယ်များအ ပါအဝင် ဒေသခံ ၁၃ ဦး အစု လိုက်အပြုံလိုက် သေဆုံးခဲ့သည်။

လွန်ခဲ့သည့် ၂၀၂၂ ခုနှစ် နိုင်ဝင်ဘာလ ၂၃ ရက်နေ့ ဖားကန့်မြို့ အနန့်ပါဒေသတွင်လည်း အကြမ်းဖက်

စစ်တပ်၏ လေကြောင်း ဗုံးကျဲတိုက်ခိုက်ခဲ့ သည့် ဖြစ်စဉ်တွင် ကချင်အနုပညာရှင်များ၊ KIAမှ အရာရှိစစ်သည်များ အပါအဝင် အရပ်သားပြည်သူပေါင်း ၁၀၀ ခန့် အစုလိုက်အပြုံလိုက် ထိခိုက်သေဆုံးခဲ့ရသည်။

နောက်ထပ် ဝမ်းနည်းကြေကွဲစရာဖြစ်ရပ်မှာ ၂၀၂၁ ခုနှစ် ခရစ်စမတ်အချိန်ခါ ဒီဇင်ဘာလ ၂၄ ရက် ခရစ်မတ်အကြိုနေ့ ကယား(ကရင်နီ)ပြည်နယ် ဖရူးဆိုမြို့နယ်တွင်ဖြစ်ပွါးခဲ့သည့် အရပ်သားပြည်သူ ၄၀ အစုလိုက် အပြုံလိုက်အရှင်လတ်လတ် မီးရှို့အသတ်ခံရသည့် ဖြစ်စဉ်ဖြစ်ခဲ့သည်။ ဖရူဆိုမြို့နယ် မိုဆိုကျေးရွာအနီးတွင် အကြမ်းဖက်စစ်တပ်သည် အမျိုး သမီးများနှင့် ကလေးသူငယ်အပါအဝင် ပြည်သူ ၄၀ ခန့်ကိုဖမ်းဆီးချုပ်နှောင်ပြီး ရက်ရက်စက်စက် မီးရှို့သတ်ဖြတ်ခဲ့သည်။ ကရင်နီ လူ့အခွင့်အရေးအဖွဲ့နှင့် လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ ထိုဖြစ်ရပ်နှင့် ပတ်သက်၍ "ကမ္ဘာကြီးသိပါစေ" ဟူသော အစီရင်ခံစာကို ပူးတွဲထုတ်ပြန်ခဲ့သည်။

ထိုအရပ်သားပြည်သူ ၄၀ ဦးကို မော်တော်ယာဉ်များနှင့်အတူ ရက်ရက်စက်စက် မီးတင်ရှို့သတ်ခဲ့ခြင်းဖြစ်သည်။ သေဆုံးသွားခဲ့သောသူများထဲတွင် NGO ဝန်ထမ်းနှင့် ကျန်းမာရေး ဝန်ထမ်းများပါဝင်ပြီး အများစုမှာ ခရစ်စမတ်အချိန်ခါ ရောက်ရှိရာ နေရာဒေသ အသီးသီးမှ အိမ်ပြန်လာကြသော အရပ်သားပြည်သူများဖြစ်သည်။ ဤ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု ကြီးသည် ယခုနှစ် ၂၀၂၂ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် တစ်နှစ်ပြည့် ဖြစ်သော်လည်း၊ တရားမျှတမှုမှာ ယခုအချိန်အထိ မရသေးရှိသေးဘဲ၊ ဖြစ်စဉ်တစ်ခုလုံးသည် ဆောင်းနှင်းနှင့်အတူ ပျောက်ကွယ်ခဲ့သည်။

လူအစုလိုက်အပြုံလိုက်သတ်ဖြတ်မှု အဆိုးဆုံးစာရင်းထဲတွင် မြန်မာနိုင်ငံသည် ထိပ်ဆုံးမှပါဝင်နေကြောင်းကို အမေရိကန်အခြေစိုက် Hollocust Museum ၏ လူမျိုးတုန်းသတ်ဖြတ်မှု မှတ်တမ်းပြတိုက်နှင့် သုသေသနအဖွဲ့၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ အစီရင်ခံစာထဲတွင် ထုတ်ပြန်ထားသည်။ ထို့ကြောင့် ဤအစီရင်ခံစာအကျဉ်းသည် ကယား (ကရင်နီ) ပြည်နယ်တွင် အကြမ်းဖက်စစ်တပ်မှ ကျူးလွန်သော လူမဆန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများကို အကြမ်းဖက်စစ်တပ်၏ တိုက်ခိုက်ခြင်းကိုခံခဲ့ရသူများ၊ သေဆုံးသွားသောသူများ၏ မိသားစုဝင်များနှင့် ND-Burma မှတွေ့ဆုံမေးမြန်းထားသည့် အချက်အလက်များဖြင့် ပေါင်းစပ်ထားပါသည်။ ထို့အပြင် ကယား (ကရင်နီ) စစ်ဘေးရှောင်ပြည်သူများ၏ ဘဝအခြေအနေ၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွါးရေး စသည့် အကြောင်းအရာများကိုလည်း လက်လှမ်းမှီသလောက် ရှာဖွေစုဆောင်း တင်ပြထားပါသည်။

***"ကျွန်မတို့မိသားစုဝင်တွေ ရက်ရက်စက်စက် မီးရှို့အသတ်ခံခဲ့ရတာ တစ်နှစ်ပြည့်တော့မှာ ဖြစ်ပေမယ့်၊ ဘာ တရားမျှတမှုမရှိတဲ့ ကျွန်မတို့ပြည်နယ်မှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေက ပိုပို ဆိုးလာနေတယ်။"***

## အစီရင်ခံစာ ရေးသားသည့် နည်းလမ်း

ကယား (ကရင်နီ) ပြည်နယ်တွင် အကြမ်းဖက် အာဏာသိမ်း စစ်တပ်မှ ကျူးလွန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများ နှင့် စစ်ရာဇဝတ်မှုများကို အင်တာနက် စာနက်များ၊ သတင်းဌာနမှ အချက်အလက်များကို သုံးသပ်ပြခြင်း၊ လူတွေ့မေးမြန်းခြင်းနှင့် ကရင်နီလူ့အခွင့်အရေး (KNHRG) အပါအဝင် အရပ်ဖက်အဖွဲ့အစည်းများမှ အချက်အလက်များကို အသုံးပြုထားသည်။

အကြမ်းဖက်စစ်တပ် အာဏာသိမ်းပြီးချိန်မှစ သတင်းမီဒီယာများကို နှိပ်ကွပ်မှုများ ဆိုးဆိုးရွားရွား လုပ်ဆောင်လာသဖြင့် ကွင်းဆင်းပြီး သတင်းရယူဖို့ရန် လွန်စွာမှ အန္တရာယ်ရှိသည်။ ထို့အပြင် စစ်ဆေးရေးဂိတ်များတွင် ဖုန်းများ၊ ကွန်ပြူတာများကို ရှာဖွေ သိမ်းဆည်းသည့်အပြင် လူကိုလည်းခြိမ်းခြောက် ဖမ်းဆီးမှုများရှိသည်။

ဤကဲ့သို့အခက်အခဲ စိန်ခေါ်မှုများကြားမှ သက်သေ အထောက်အထားနှင့် ထွက်ဆိုချက်များကို စုဆောင်းပြီး၊ အဆိုပါ ထွက်ဆိုချက် သက်သေအထောက်များကို နစ်နာသူများနှင့် ၎င်းတို့၏မိသားစုဝင်များ တရားမျှတမှု ရရှိစေရေးအတွက် ဆောင်ကြဉ်းပေးနိုင်မည့် နိုင်ငံတကာ တရားစီရင်ရေး ယန္တယားများအတွက် ပေးဝေမှုသည် အန္တရာယ်အလွန်ကြီးကြောင်း ND-Burma မှ အသိအမှတ်ပြုပါသည်။


### တိုက်ပွဲများကြား ကယား (ကရင်နီ) စစ်ဘေးရှောင်ပြည်သူများရဲ့ ဘဝအခြေအနေ

မြန်မာနိုင်ငံတွင် စစ်တပ်အာဏာသိမ်းပြီး ယခုအချိန်အထိ ကယား (ကရင်နီ) ပြည်နယ်တွင် စစ်ဘေးရှောင် ဦးရေမှာ တစ်နေ့ထက်တစ်နေ့ ပိုပိုတိုးလာနေတာကို တွေ့ရသည်။ Karenni Civil Soiety Network ၏ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့ အစီရင်ခံထုတ်ပြန်ချက်အရ ၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ ၁ရက် မှ ၂၀၂၂ ခုနှစ်ဒီဇင်ဘာလ ၅ ရက်နေ့အထိ တပြည်နယ်လုံး အတိုင်းအတာအရ စစ်ဘေးရှောင်အရေအတွက်မှာ ၂၀၂,၁၁၅ ဦးခန့် ရှိသည်။ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့တွင် အကြမ်းဖက်စစ်တပ်နှင့် ရက်ခွှင့်တပ်တော်အကြား ဒုတိယအကြိမ်မြောက် နှစ်ဦးနှစ်ဖက် အလွှတ်သဘော အပစ်ရပ်သဘောတူပြီးနောက်၊ ကယား (ကရင်နီ) ပြည်နယ်တွင် အကြမ်း ဖက်စစ်တပ်၏ စစ်မျက်နှာစာဖွင့် ထိုးစစ်ဆင်တိုက်ခိုက်မှုများသည် ဒီဇင်ဘာလဆန်းပိုင်းတွင် ပြင်းထန်လာခဲ့သည်။

အကြမ်းဖက်စစ်တပ်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုနှင့် လေကြောင်းဖြင့် အဆက်မပြတ် ဗုံးကျဲတိုက်ခိုက်မှုများကြောင့် စစ်ဘေးရှောင်ဦးရေမှာ စာရင်းများထက် ပို၍တိုးလာ နိုင်သည်။ ယခုကဲ့သို့ တိုက်ပွဲများပြင်းထန်လာသည်နှင့်အမျှ စစ်ဘေးရှောင်ပြည်သူများသည် မိမိတို့၏နေရပ်ဒေသကို ပြန်ဖို့ရန်အခွင့်အရေးမှာ အလှမ်းဝေးနေဆဲဖြစ်သည်။ အချို့သော စစ်ဘေးရှောင်များသည် ရှမ်းပြည်နယ် တောင်ပိုင်း အင်းလေး၊ မိုးဗြဲ၊ ဖယ်ခုံ စသည် ဒေသများသို့ စစ်ရှောင်နေကြရသည်။ ခန့်မှန်းခြေ ဒီးမော့ဆိုမြို့နယ်တစ်ခုတည်းတွင် စစ်ဘေးရှောင်ဦးရေမှာ သိန်းဂဏန်းမျှရှိမည်ဟု ခန့်မှန်းရသည်။

စစ်ဘေးရှောင်ပြည်သူများသည် အလှူရှင်များကိုသာ မှီခိုနေရသည့် အခြေအနေဖြစ်သည်။ ဒီးမော့ဆိုမြို့နယ် အနောက်ဘက်ခြမ်းရှိ ဆီးသူးသော်ဒုက္ခသည်စခန်းတွင် လူဦးရေ ၁၀၀၀ကျော် ရှိပြီး အလှူရှင်မရောက်ရှိသည်မှာ ၃ လ ကျော်ပြီ ဖြစ်သည့်အတွက် မကြာခင်တွင် ရိက္ခာ ပြတ်လပ်လာနိုင်ကြောင်း စစ်ရှောင်ကော်မတီတစ်ဦးမှ ပြောသည်။ တစ်ဖက်၌လည်း အကြမ်းဖက်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့ အကြမ်းဖက်စစ်တပ် အာဏာသိမ်းပြီးချိန်မှ ၂၀၂၂ ဒီဇင်ဘာလ ၁၈ ရက်နေ့ထိ စစ်ဘေးရှောင် ဒုက္ခသည်ဦးရေ




KCSN မှ အချက်လက်များကို ရယူဖော်ပြထားပါသည်။

စစ်တပ်သည် စစ်ဘေးရှောင်သွားသည့် ပြည်သူများ၏ ရွာများသို့ ဝင်ရောက်ပြီး သိုလှောင်ထားသည့် ရိက္ခာဆန်စပါးများကို ဖျက်ဆီးသွားသည့်အတွက် ရိက္ခာပြတ်လပ်မည့် အခြေအနေရှိနေသည်။ စားနပ်ရိက္ခာနည်းပါးလာသောကြောင့် နေရပ်သို့ပြန်ကာ သိုလှောင်ထားသော ရိက္ခာကို ပြန်ယူသော ဒေသခံများသည် အကြမ်းဖက်စစ်တပ်ထောင်ထားသော မြေမြှုပ်မိုင်း အန္တရာယ်နှင့်လည်း ရင်ဆိုင်နေရသည်။

ထို့အပြင် အကြမ်းဖက်စစ်တပ်သည် ရွာများထဲသို့ သေနတ်များဖြင့် ပစ်ခတ်ဝင်ရောက်လာပြီး တွေ့သမျှလူများကို အကြောင်းမဲ့ ရိုက်နက်ဖမ်းဆီးလေ့ရှိရုံသာမက အိမ်ကို မီးတင်ရှို့ခြင်းသည် လူ့အခွင့်အရေးကို ချိုးဖောက်နေခြင်းဖြစ်သည်။

လူ့အခွင့်အရေးချိုးဖောက်ခံရမှုဖြင့် ရင်ဆိုင်တွေ့ကြုံခဲ့သည့် လွိုင်ကော်မြို့နယ်၊ နွားလဝိုး ကျေးရွာ အုပ်စုတွင် နေထိုင်သောဒေသခံ နော်မူးမှ ဖြစ်စဉ်ကို ယခုကဲ့ သို့ ပြောပြသည်။

*“ကျွန်မတို့နေထိုင်တဲ့ မော်ချီးစုစည်းကျေးရွာကို ၁၈၊ ၉၊၂၀၂၂ ခုနှစ်မှာ ပြည်သူ့ကာကွယ်ရေးတပ် PDF များ ရောက်လာခဲ့တယ်။ နေ့ခင်း ၁၂ နာရီလောက်မှာ စကစဖက်မှ လက်နက်ကြီး စပစ်ပါတော့တယ်။ နာရီဝက်လောက်ပစ်ခတ်ပြီး ၁ နာရီ ထိုးလောက်ကျတော့ နှစ်ဖက်တပ်တွေ ထိပ်တိုက်တွေ့ ပစ်ခတ်ကြတယ်။ အဲဒီအချိန်မှာ ကျွန်မတို့ရွာရဲ့ အောက်ဘက်ပိုင်းမှာ နေထိုင်သူတွေက အနောက်ဘက်ခြမ်း ပအိုဝ်းရွာဘက်မှာရှိတဲ့ ဘုန်းကြီးကျောင်း တစ်နေရာမှာ ရှောင်ပြေးခဲ့ကြတယ်။ ကျွန်မတို့ မိသားစုနဲ့ သူငယ်ချင်းတစ်ယောက်က အိမ်ထဲမှာ ပိတ်မိနေခဲ့ကြတယ်။ အဲဒီအချိန်မှာ နှစ်ဖက်တပ်*

*တွေဟာ ကျွန်မတို့အိမ်ရှေ့လမ်းဖက်မှာ တရစပ်ပစ်ခတ်ကြပါတော့တယ်။ ကျွန်မတို့ ထွက်ပြေးဖို့တိုင်ပင်ခဲ့ကြပေမယ့် ဘယ်လိုမှ မဖြစ်နိုင်သည့် အခြေအနေဖြစ်လို့ ကုတင်အောက်မှာပဲ ပြေးပုန်းနေခဲ့တယ်။ မကြာခင်မှာပဲ စကစ ဖက်မှ စစ်သားတစ်ဦး သေနတ်ဒဏ်ရာရ သွားတာကို ရိပ်မိလိုက်တယ်။ အဲဒီ ဒဏ်ရာရစစ်သားက အော်အန်နေပြီး ဘေးကသူ့အဖော်တွေက သူ့ကိုကူညီပေးနေတဲ့ အသံကိုကြားခဲ့ရတယ်”* ဟုပြောသည်။

ငင်းမှ ဆက်ပြောပြရာမှာ *“နေ့လည် ၁နာရီခွဲမှာတော့ စစ်သားတစ်ယောက်က အိမ်ကိုလာချောင်းကြည့်တဲ့အချိန်မှာ အပါး (အဖေ) ကိုတွေ့သွားခဲ့တယ်။ ပြီးတော့ အိမ်ထဲကလူတွေအကုန် အိမ်ပြင်ထွက်လာခိုင်း ပြီးတော့ စစ်မေးခဲ့ကြတယ်။ စစ်သားတွေက ကျွန်မတို့ကို PDF လို့ပဲစွပ်စွဲပြီး မရှိတဲ့အပြစ်ကို ရှာကြတယ်။ ဖုန်းစစ်၊ အိမ်ကပစ္စည်းများကို မွှေနှောက်ရှာဖွေပြီး ရိုက်ခွဲဖျက်ဆီးခဲ့ကြတယ်။”*

*“အိမ်ကအမက သူနာပြုသင်တန်း တက်ခဲ့ထားဖူးတော့ အိမ်မှာ ဆေးပစ္စည်းတစ်ချို့ကို ဆောင်ထားတာရှိတယ်။ အိမ်မှာရှိတဲ့ ဆေးပစ္စည်းတချို့ကို သူတို့ရှာတွေ့သွားတဲ့အချိန် မှာတော့ PDF တွေကို ဆေးကုပေးတယ်ဆိုပြီး စွပ်စွဲကြတယ်။ အဲဒီဆေးပစ္စည်းအချို့ထဲမှာ အသက်ကယ်ဆေးမပါရှိပဲ အသက်ကယ်ဆေးတွေ ရှိတယ်ဆိုပြီးစွပ်စွဲကြပြန်တယ်။ စွပ်စွဲပြောဆိုနေရင်း ကျွန်မအမနဲ့ ကျွန်မကို ပါးတွေရိုက်ပြီး ဓါးနဲ့လည်းခြိမ်းခြောက်ကြတယ်။ မကြာခင်မှာ သူတို့ရဲ့အရာရှိဆီက ဖုန်းဝင်လာပြီး ကျွန်မတို့ကို လက်နှောက်ပစ်ခြည်၊ မျက်လုံးကို ပိတ်စဖြင့်ပိတ်ခြည်ပြီး ကားပေါ်တင်ခေါ်သွားကြတယ်။*

*“ဖမ်းဆီးခေါ် ဆောင်သွားတဲ့နေရာကို အစကမသိရဘူး။ ပြန်လွှတ်လာတဲ့အခါမှ ဒ.က.စ မှာဆိုတာ သိရတယ်။ အဲဒီမှာတော့ ကောင်းကောင်း စစ်ဆေးမေးမြန်းကြတယ်။ စစ်ဆေးမေးမြန်းရင်း PDF တွေနဲ့တ ကယ်ပတ်သက်မှု မရှိမှန်းသိလို့ ပြန်လွှတ်ပေးခဲ့တာဖြစ်တယ်။ ဒ.က.စ မှာ တည စစ်ဆေးမေးမြန်းပြီး နောက်တနေ့ ပြန်လွှတ်လာတော့ အိမ်မီးရှို့ခံရတာသိရတယ်။ အိမ်မီးရှို့ခံလိုက်ရတာက ၁၈.၉.၂၀၂၂ ညနေပိုင်းကတည်းက ဖြစ်တယ်။ အိမ်မီးရှို့ခံလိုက်ရတာကြောင့် ဘာဆိုဘာတစ်ခုမှ မကျန်တော့ပါဘူး။ အခုတော့ နေစရာအိမ်မရှိတော့လို့ အမျိုးအိမ်မှာ ခေတ္တခိုလှုံ နေထိုင်နေရပါတယ်။ အိမ်မရှိတော့လို့ အဖဆို အရမ်းဂမ်းနည်းပြီး စိတ်ဒဏ်ရာရနေတယ်”* ဟုပြောပြခဲ့သည်။



လွိုင်ကော်မြို့နယ်၊ နွားလဝိုးကျေးရွာအုပ်စု၊ မော်ချီးစုစည်းကျေးရွာတွင် မီးရှို့ ဖျက်ဆီးခံရသည့်နေအိမ်အား ၁၈.၉.၂၀၂၂ တွင်တွေ့မြင်ရစဉ်။ (ဒေသခံမှ ပေးပို့သည်)



မပကူမိုး၊ ဖရူဆိုမြို့နယ်၊ လောဂျာကျေးရွာတွင် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့ မီးရှို့သတ်ဖြတ်ခံခဲ့ရသည်။

ဖြစ်စဉ်၌ အဖမ်းခံရပြီး ပြန်လည်လွတ်မြောက်လာသော မိသားစုဝင်များနှင့် သူငယ်ချင်းမှာ ဦးစောဖလှယ်ဖိုး ၆၂ နှစ်၊ နော်ဒီဇင်ဘာဖော ၂၅ နှစ်၊ နော်မူးကပိုဝါးဖော ၂၃ နှစ်၊ နော်ဗစ်တိုးရီးယား ၂၇ နှစ်၊ နော်အိမ်ဂျယ်ဖော ၁၅ နှစ်တို့ ဖြစ်သည်။

Karenni Civil Soiety Network ၏ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၇ ရက်၊ အစီရင်ခံထုတ်ပြန်ချက်အရအကြမ်းဖက်စစ်တပ် အာဏာသိမ်းသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၅ ရက်အထိ လွိုင်ကော်မြို့တွင် လူနေအိမ်အပါအဝင် အဆောက်အဦးပေါင်း ၁၀၁ ခု ပျက်ဆီးဆုံးရှုံးခဲ့ကြောင်း ထုတ်ပြန်ထားသည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်နေ့တွင် တစ်နှစ်ပြည့်ပြီဖြစ်သော အကြမ်းဖက်စစ်တပ်မှ ကျူးလွန်သည့်ဖရူးဆိုမြို့ လူအစုလိုက်အပြုံလိုက် မီးရှို့သတ်ဖြတ်မှုကြီးတွင် လော်ဂျာကျေးရွာမှ မပကူးမိုး ၂၀နှစ် (ရူပဗေဒ ပထမနှစ်)နှင့် မောင်ရှားရယ် ၁၈နှစ် (ကျောင်းသား) မောင်နှစ်

မ ၂ ဦး သေဆုံးသွားသည့်ဖြစ်စဉ်နှင့်ပတ်သက်၍ လွန်ခဲ့သည့် ၂၀၂၁ ခုနှစ်တွင် မိသားစုဝင်များမှ *"အခုလိုဖြစ်သွားတဲ့ ဖြစ်ရပ်အပေါ်မှာ နိုင်ငံတကာကို ပြောချင်တာက တိုက်ပွဲမရှိဘဲ၊ စစ်ဆေးမေးမြန်းခြင်းမရှိဘဲ တွေ့သမျှလူတွေကို ဘာကြောင့် အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ရတာလဲ၊ ဘာကြောင့် ဒီလောက်ရက်စက် ယုတ်မာရတာလဲ၊ ဘာကြောင့် ဒီလိုဖြစ် စဉ်တွေအပေါ်မှာ အရေးယူဆောင်ရွက်မှုတွေမရှိတာလဲ"* ဟု မေးခွန်းထုတ် တောင်းဆိုသွားသည်။

ယခုနှစ် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၅ ရက်တွင်မိခင်ဖြစ်သူနှင့် ပြန်လည်ဆက်သွယ် မေးမြန်းကြည့်ရာတွင် *"ကျွန်မတို့ မိသားစုကတော့ ထိုင်းနိုင်ငံတစ်နေရာကို ရောက်နေတယ်။ တရားဝင်မဟုတ်လို့ နေရထိုင်ရတာ အဆင်မပြေဘူး။ ကျွန်မရဲ့သားတစ်ယောက်နဲ့ သမီးတစ်ယောက် ရက်ရက်စက်စက် လူမဆန်စွာ မီးရှို့ သတ်ဖြတ်ခံခဲ့ရတာ။ ခုလက်ရှိတော့ သမီးတစ်ယောက်ကျန်နေသေးတယ်။ ကျွန်မရဲ့ကလေးတွေ မီးရှို့ သတ်ခံလိုက်ရကတည်းက စိတ်ဒဏ်ရာရခဲ့ပြီး ကျန်းမာရေးလည်း သိပ်မကောင်းတော့ အလုပ်လည်း ကောင်းကောင်း မလုပ်နိုင်တော့ဘူး။ သားအမိ ၂ယောက်ထဲနဲ့ အိမ်ငှားနေရတာ လုံးဝအဆင်မပြေဘူး။ စစ်ကောင်စီရဲ့ လုံးဝ လူသားမဆန်တဲ့ ရက်ရက်စက်စက် သတ်ဖြတ်မှုကို ခံခဲ့ရတာ ဒီဇင်ဘာလဆိုရင် တနှစ်ပြည့်ပြီ။ သူတို့အတွက် ဥပဒေအရ ဘာတရားမျှတမှုမှ မရရှိသေးဘူး။"*

*သက်ဆိုင်ရာ တာဝန်ရှိသူတွေနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းကို ကျွန်မတို့သားသမီးတွေ အစုလိုက်အပြုံလိုက် အသတ်ခံရမှုအတွက် တရားမျှတမှုရရှိအောင် လုပ်ဆောင်ပေးဖို့ တောင်းဆိုချင်ပါတယ်။ ကျွန်မ ထိုင်းနိုင်ငံရောက်တော့ နိုင်ငံခြားမှာ ခိုလှုံခွင့်ရဖို့ UNHCR ကို စာပို့ပေမယ့် ဘာအကြောင်းပြန်ချက်မှ မရပါဘူး။ ကျွန်မတို့အခက်အခဲ စိတ်ပိုင်းဆိုင်ရာ ခံစားချက်တွေကို ကုစား*

*ပေးမယ့် လူသားချင်းစာနာထောက်ထား အကူအညီပေးတဲ့အဖွဲ့တွေ မရှိတော့ဘူးလားလို့ မေးချင်ပါတယ်။"* ဟုပြောသည်။

ထိုနေ့မှာပင် မီးရှို့ အသတ်ခံလိုက်ရသောနောက် ထပ် မိသားစုဝင်တစ်ဦးဖြစ်သည့် လိမာရှားကို မေးမြန်းချိန်မှာတော့ *"ကျွန်မတို့မိသားစုဝင်တွေ ရက်ရက်စက်စက် မီးရှို့အသတ်ခံခဲ့ရတာ တစ်နှစ်ပြည့်တော့မှာ ဖြစ်ပေမယ့်၊ ဘာတရားမျှတမှုမရှိတဲ့ ကျွန်မတို့ပြည်နယ်မှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေက ပိုပို ဆိုးလာနေတယ်။ အခွင့်အရေးတွေ အများကြီးဆုံးရှုံးသွားတယ်။ ခရီးသွားရင် ကယားပြည်နယ် မှတ်ပုံတင်ကိုင် ဆောင်ထားတဲ့ သူဆိုရင် လမ်းခရီးမှာ ပိုပြီးစစ်မေးခံရတယ်။ ဒီမှာက ကျန်းမာရေးနဲ့ ပတ်သက်ပြီး ဆေးဝါး လုံလောက်မှုမရှိဘူး။ ဆိုတော့ ကျန်းမာရေးနဲ့ပတ်သက်ပြီး မြို့ကိုသွားမယ်ဆိုရင်လည်း ကားငှားသွားရတယ်။ ကားခလည်း ၁ သိန်းခွဲ ၂ သိန်းဝန်းကျင် (အမေရိကန်ဒေါ်လာ ၃၅-၄၇) ပေးရတော့ မသွားနိုင်ဘူး။*



မောင်ရှားရယ်၊ ဖရူဆိုမြို့နယ်၊ လောဂျာကျေးရွာတွင် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့ မီးရှို့သတ်ဖြတ်ခံခဲ့ရသည်။

*"ပညာရေးနဲ့ပတ်သက်ရင်လည်း အခွင့်အရေးတွေ အများကြီးဆုံးရှုံးသွားတယ်။ စားဝတ်နေရေးအတွက်ကတော့ အဖေက အလုပ်မျိုးစုံကို ကြိုးစားလုပ်ပြီးတော့ မိသားစုကို ကူညီထောက်ပံ့ပေးတယ်။ ဒါပေမယ့် တစ်ခါတလေကျတော့ အခက်အခဲ ရှိတယ်။ အသက်မွေးဝမ်းကြောင်းအလုပ်ကတော့ ကြုံရာ ကျပန်းလုပ်တယ်။ ဈေးလည်းပတ်ရောင်းတယ်။ ဘီယာဘူးခွံတွေ လိုက်ဝယ်တယ်။ တောင်ယာလုပ်ငန်း လုပ်မယ်ဆိုရင်လည်း အခုက စစ်ရှောင်ဆိုတော့ မြေနေရာက အဆင်မပြေဘူး။ အဓိက အခက်အခဲကတော့ ကျန်းမာရေးပါဘဲ။ အလှူရှင်အဖွဲ့က ပုံမှန်မ ထောက်ပံ့နိုင်တော့ သူတို့ကိုအားကိုးပြီး မမျှော်လင့်ဘူး"* ဟုဆိုသည်။

ဆက်ပြီးပြောရာမှာ *"ခုအချိန်မှာ ဘယ်နေရာမှာပဲနေနေ လုံခြုံမှုမရှိဘူးလို့ ခံစားရတယ်။ မီးရှို့သတ်ဖြတ်ခံရတာနဲ့ ပတ်သက်ပြီးတော့ တရားမျှတမှုအခြေအနေက ဘာမှမထူးပါဘူး။ အစတုန်းကတော့ ကယားပြည်နယ် သတင်းရဲတပ်ဖွဲ့ KYSP က စုံစမ်းမှုတွေ၊ လုပ်ဆောင်မှုတွေ တချို့ရှိခဲ့ပေမယ့် အခုတော့ ဘာသတင်းမှ မကြားတော့ဘူး။ ဆက်လက်လုပ်ဆောင်နေသလား၊ မလုပ်ဆောင်နေဘူးလားဆိုတာ ကျွန်မ မသိရပါဘူး။ မိသားစုဝင်တွေအားလုံးက စစ်ဘေးရှောင်စခန်းမှာပဲ နေကြရတယ်။ နောက်လကျရင်တော့ အဖေရဲ့ကျန်းမာရေးအခြေအနေကြည့်ပြီး အဆင်ပြေရင် ထိုင်းနိုင်ငံက ဒုက္ခသည်စခန်းဖက်ကိုသွားဖို့ စိတ်ကူးထားတယ်။ သက်ဆိုင်ရာ တာဝန်ရှိသူတွေဖက်မှ တတ်နိုင်ရင်တော့ ကျွန်မတို့ မိသားစုကို လုံခြုံတဲ့နိုင်ငံကို ပို့ပေးရင်ကောင်းမယ်။ ကျမကလည်း ကျန်းမာရေးဌာနကနေ CDM လုပ်ထားတော့ ပြည်ပထွက်ဖို့ကတော့ အဆင်မပြေ*

*ပြန်ဘူး။ မိဘလည်း အသက်ကြီးပြီး ကျန်းမာရေးလည်း မကောင်းဘူးဆိုတော့ စိတ်ချလုံခြုံတဲ့နိုင်ငံမှာအခြေချပြီး မိဘကိုလုပ် ကျွေး ချင်တယ်”* ဟုဆိုသည်။

## (က) ကယား (ကရင်နီ) စစ်ဘေးရှောင်ပြည်သူများ၏ ပညာရေးအခြေအနေ

လူတိုင်းလွတ်လပ်စွာ သင်ယူနိုင်၊ ခံစားနိုင်သည့် ပညာရေးသည် ကယား (ကရင်နီ) ပြည်နယ်မှ စစ်ဘေးရှောင် ပြည်သူများအတွက် မလွတ်လပ်သည့်ကြားမှ အခက်အခဲများစွာဖြင့် သင်ယူနေကြရသည်။ စစ်ရှောင်စခန်းများတွင် ကိုယ်ထူကိုယ်ထ စာသင်ကျောင်းများ ဖွင့်လှစ်ထားပြီး CDM ကျောင်းဆရာ၊ ဆရာမများဖြင့် သင်ကြားပေးနေသည်။[၁] ကယား(ကရင်နီ)ပြည်နယ်တွင် စာသင်ကြားပေးနိုင်သောကျောင်းပေါင်း ၂၀၀ ရှိပြီး၊ ဒီးမော့ဆို၊ ဖရူးဆိုနှင့် မယ်စဲ့မြို့နယ်များတွင် ဖွင့်လှစ်ထားကာ ကျောင်းသူ၊ ကျောင်းသား ၂၀၀၀၀ ကျော်ကို ပညာ သင်ကြားပေးနေသည်ဟု ကယား(ကရင်နီ) ပြည်နယ်လုံးဆိုင်ရာ အခြေခံပညာဆရာများ သမဂ္ဂမှ ကန္တာရဝတီတိုင်း(မ်)သို့ ပြောဆိုထားသည်။

ကယား (ကရင်နီ) ပြည်နယ် အတိုင်ပင်ခံကောင်စီ (KSCC) မှလည်း ပညာရေးကော်မတီဖွဲ့ စည်းထားတာပြီး ကယား (ကရင်နီ) ပြည်နယ်၏ ပညာရေးဆိုင်ရာလို အပ်ချက်များကို ဖြည့်ဆီးပေးနိုင်ရန်၊ ဖက်ဒရယ်ဒီမိုကရေစီပညာရေးမူဝါဒ ရေးဆွဲချမှတ်သည့် လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် ကယား(ကရင်နီ) အမျိုးသားပညာရေးစနစ်နှင့် မူဝါဒများ ပေါ်ထွန်းလာရန်အတွက် ဖွဲ့စည်းထားကြောင်း၊ ထို့ကြောင့် KSCC အနေဖြင့် ကြားကာလပညာရေးနှင့် လုပ်ငန်းများကို အသိအမှတ်ပြုကြောင်း၊ အသွင်ကူးပြောင်းရေး ကာလနှင့် အနာဂတ် ဖက်ဒရယ်တည်ဆောက်ရေးကာလ တွင် ကလေးများ၏ စာတတ်မြောက်မှုနှင့် ကိုယ်ရည် ကိုယ်သွေးများကို ပြန်လည်ဆန်းစစ်အကဲဖြတ်ပြီး အသက်အရွယ်နှင့် ကိုက်ညီသည့် အတန်းပညာ သင်ယူမှုများ အဆင်သင့်ဖြစ်စေရန် ကုစားဆောင်ရွက်သွားမည်ဟု ၂၀၂၂ ခုနှစ် မေလ ၁၃ ရက်နေ့တွင် ထုတ်ပြန်ကြေငြာထားသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းဆရာ၊ ဆရာမ ၄၃၀၀၀၀ ရှိသည့်အနက် ၁၅၀၀၀၀ ခန့်မှာ CDM လှုပ်ရှားမှု တွင်ပါဝင်နေသည်။ Karenni Civil Soiety Network ၏ ၂၀၂၂ခုနှစ် ဒီဇင်ဘာ ၇ရက်နေ့ ထုတ်ပြန်ချက်အရ အကြမ်းဖက်စစ်တပ် အာဏာသိမ်းသည့် ဖေဖော်ဝါရီလ ၁ ရက်၊ ၂၀၂၁ မှ ဒီဇင်ဘာ ၅ရ က်၊ ၂၀၂၂ အထိ ကယား (ကရင်နီ) ပြည်နယ်တွင် CDM လှုပ်ရှားမှုတွင် ပါဝင်သောကြောင့် အကြမ်းဖက်စစ် ကောင်စီမှ အလုပ်ထုတ်ပယ်ထားသည့် ကျောင်းဆရာ၊ ဆရာမပေါင်း ၂၆၂၃ ဦး ရှိသည်ဟု ထုတ်ပြန်ထားသည်။

## (ခ) ကယား (ကရင်နီ) စစ်ဘေးရှောင်ပြည်သူများ၏ ကျန်းမာရေးအခြေအနေ

တိုက်ပွဲများ ပြင်းထန်လာသည်နှင့်အမျှစစ်ဘေးရှောင်ဦးရေ တိုးလာသည်နှင့်အတူ ရင်ဆိုင်ရသည့်နောက်ဆက်တွဲပြဿနာမှာ ကျန်းမာရေးပင် ဖြစ်သည်။ ကယား (ကရင်နီ) စစ်ရှောင်စခန်းများတွင် ဆေးဝါးအလုံအလောက် မရှိခြင်း၊ ဆေးဝါးများဈေးအဆအမတန် ကြီးမြင့်နေခြင်းနှင့် သယ်ယူပို့ဆောင်ရာတွင်လည်း အကြမ်းဖက်စစ်ကောင်စီ၏ စစ်ဆေးဖမ်းဆီးခြင်း စသည့် အကြောင်းတရားများသည် ကျန်းမာရေးပြဿနာကို အဓိကဖြစ်စေသည်။[၂] အကြမ်းစစ်တပ် မတရား အာဏာသိမ်းပြီးသည့် အချိန်မှစ၍ တိုက်ပွဲ

၁။ https://mmpeacemonitor.org/311016/
၂။ https://www.bnionline.net/mm/news-90722




ဟိုဝမ်စစ်ရှောင်စခန်းအုပ်စု ပင်ဝါးရုံစခန်းတွင် ကြားကာလ ကိုယ်ထူကိုယ်ထ အခြေခံပညာ မူလတန်း ကျောင်းဆင်းပွဲပုံ

ကြောင့်စစ်ရှောင်နေရသည့် အရပ်သားပြည်သူများသည် ကျန်းမာရေး စောင့်ရှောက်မှု မရရှိသောကြောင့် မသေသင့် ပဲသေဆုံးသွားသည့် ကလေးငယ်များနှင့် မိခင်များရှိနေသည် ဟု အမျိုးသမီးအရေး ဆောင်ရွက်နေသူ လှမူဖိုးမှ ပြောဆိုခဲ့ သည်။ စစ်ရှောင်များသည် ကယား (ကရင်နီ)ပြည် နယ် တွင် ပြန့်ကျဲနေသောကြောင့် စစ်ရှောင်ပြည်သူ ၃၅ ရာခိုင်နှုန်း သာ ကျန်းမာရေး ဝန်ဆောင်မှုရရှိပြီး ၆၅ ရာခိုင်နှုန်းမှာ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်နေဆဲ ဖြစ်ကြောင်း လူထုကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးကွန်ယက် CHDN ဒါရိုက် တာဖိလစ်မှလည်း ပြောဆိုထားသည်။[၃]

လွန်ခဲ့သည့် ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် လည်း ဒီးမော့ဆိုတွင် စစ်ရှောင်ပြည်သူများအတွက် ဖွင့် လှစ်ထားရှိသည့် ကိုဗစ်စင်တာ၌ လိုအပ်သော ဆေးဝါး များ၊ PPE ဝတ်စုံများနှင့် အောက်ဆီဂျင် သယ်ယူရန် အခက်အခဲဖြစ်ခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် ဆေး ဝါးသယ်ယူသည့် လမ်းကြောင်းများတွင် အကြမ်းဖက် စစ်တပ်၏ စစ်ဆေးဖမ်းဆီးမှုများ ရှိခဲ့သောကြောင့်ဖြစ် သည်ဟု ကယား (ကရင်နီ) လူမှုအဖွဲ့အစည်းဘက်မှ ပြော ဆိုခဲ့သည်။ ထို့ပြင်မှမက စစ်ဘေးရှောင် ကလေးငယ်များ တွင် ရာသီတုပ်ကွေး၊ ဆောင်းတွင်း၌ အနွေးထည်များ အလုံအလောက် မရှိခြင်းကြောင့် အအေးမိဖျားနာခြင်း ပန်းနာရင်ကြပ်ဖြစ်ခြင်းနှင့်အတူ ဝမ်းပျက်၊ ဝမ်းလျှောမှု များလည်း အဖြစ်များနေသည်။ ထို့ကြောင့် လက်ရှိတွင် ကယား (ကရင်နီ) ပြည်နယ် အတိုင်ပင်ခံကောင်စီ KSCC မှ လည်း ကယားပြည်နယ်ရှိ စစ်ဘေးရှောင်ပြည်သူများ အား ကျန်းမာရေးဝန်ဆောင်ပေးနိုင်ရန် ရွှေ့လျားအဖွဲ့ များဖြင့် ကုသပေးနေသကဲ့သို့ ဆေးဝါးများ ရရှိနိုင်ရေး အတွက်လည်း ကြိုးစားလုပ်ဆောင်နေကြောင်း သတင်း ထုတ်ပြန်ထားသည်။

စစ်ရှောင်ပြည်သူများထဲတွင် နောက်ထပ်ခံစားနေ ရသည်မှာ စိတ်ကျန်းမာရေး ချို့ယွင်းနေခြင်းဖြစ်သည်။ အကြမ်းဖက်စစ်တပ် မတရား အာဏာသိမ်းပြီးပြည်သူ များ၏ အိုးအိမ်ပစ္စည်းများကို ခိုးယူ ဖျက်ဆီးခြင်းနှင့်မီး တင်ရှို့ခြင်းများကြောင့် ဖြစ်ပေါ်လာသည့်စိတ်ပိုင်းဆိုင် ရာထိခိုက် ခံစားရခြင်းဖြစ်သည်။ ထို့ကြောင့် အာဏာ သိမ်းပြီး နောက်ဆက်တွဲ ဖြစ်ပေါ်လာသည့် တိုက်ပွဲ ပဋိ ပက္ခများကြောင့် အိုးအိမ်မဲ့ဖြစ်နေရသည့် လူဦး ရေ၏ ၃၀ ရာခိုင်နှုန်းသည် စိတ်ကျန်းမာရေးချို့ယွင်းသည့် ဒဏ်ကို ခံစားနေရကြောင်း လူ့အခွင့်အရေး မှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)၏ အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်သော နိုင်ငံရေး

၃။ https://www.bnionline.net/mm/news-90722
၄။ http://bitly.ws/xumN

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့ အကြမ်းဖက်စစ်တပ် အာဏာသိမ်းပြီးချိန်မှ ၂၀၂၂ ဒီဇင်ဘာလ ၁၈ ရက်နေ့ထိ




အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ထုတ်ပြန်ထားသည်။[၄]

**(ဂ) ကယား (ကရင်နီ) စစ်ဘေးရှောင်ပြည်သူများ၏ လူမှုစီးပွားရေးအခြေအနေ**

ကယား (ကရင်နီ) ပြည်နယ်တွင် အကြမ်းဖက် စစ်တပ်အာဏာသိမ်း ချိန်မှစ၍ ပြည်သူများ၏ လူမှုစီးပွားရေးသည် ချွတ်ခြုံကျသွားသည်။ ကယား (ကရင်နီ) လူ့ အခွင့်အရေးဒါရိုက်တာ ကိုဗညား ဒီဗွီဘီသို့ ပြောဆိုခဲ့သည့် စကားများမှ ကောက်နုတ် တင်ပြရမည်ဆိုလျှင် *"အာဏာသိမ်း နောက်ဆက်တွဲ ပြဿနာကြောင့် ကယား (ကရင်နီ)မှာ လူမှုစီးပွားရေးဟာ ပျက်သုန်းသွားရတယ်။ တစ်ချိန်တုန်းက ကိုယ့်အိမ်ကိုယ်ယာနဲ့ တအားကြီးချမ်းသာသည့် ပုံစံမဟုတ်သည့်တိုင် လုပ်ကိုင်စားသောက်ဖို့ အတွက် မြေယာပေါ်မှာ လုပ်ကိုင်စားသောက်နိုင်တဲ့ လူတွေရှိတယ်။ စီးပွားရေးပုံစံမျိုးနဲ့ လည်ပတ်နိုင်သည့် အခြေအနေမှ IDPs အခြေအနေကို ရောက်ရှိသွားတော့ စားဝတ်နေရေးအတွက် ထိခိုက်မှုတွေရှိခဲ့သည်"*ဟုပြောဆိုထားသည်။ ထို့အပြင် လူ့အခွင့်အရေး ဆုံးရှုံးမှုများဖြစ်သည့် လယ်ယာမြေလုပ်ကိုင်လို့မရတာ၊ ကလေးငယ်တွေစာမသင်ရတာ၊ ရိုးရာဓလေ့ပွဲတွေ လုပ်ဆောင်ခွင့်မရတော့တာအပြင် ကျန်းမာရေးအတွက် ဆေးကုသဖို့ရန် ဆေးရုံ၊ ဆေးခန်း များသို့ သွားလို့မရနိုင်သည့် အခြေအနေတွေဖြစ်ကြောင်း ထပ်လောင်းပြောဆိုခဲ့သည်။

ကယား (ကရင်နီ) ပြည်နယ်တွင် လယ်ယာလုပ်ငန်းများနှင့် အခြားသော လုပ်ငန်းများ လုပ်ဆောင်နိုင်ခြင်း မရှိတော့၍ အလုပ်အကိုင် ရှားပါးသည့် ပြဿနာ မြင့်မားလာသည်။ အလုပ်အကိုင်ရှားပါလာခြင်းနှင့်အတူ ခိုးဝှက်မှုများလည်း များလာခဲ့သည်။ အမည်မဖော်လိုသည့် လုပ်ငန်းရှင်တစ်ဦးမှ သူမ၏ သွပ်ပြားစက်ရုံမှာလည်ပတ်၍ မရတော့လောက်အောင် အကုန်ဖျက်ဆီးယူဆောင်သွားခြင်း ခံခဲ့ရကြောင်းကို ယခုကဲ့သို့ပြေပြခဲ့သည်။ *"တိုက်ပွဲဖြစ်နေတာကို ခိုးရဲတဲ့သူက စစ်တပ်နဲ့ဆက်စပ်တဲ့သူတွေဘဲဖြစ်မှာပေ့ါ။ ကားနဲ့ကိုတင်ပြန်ကြတာ။ ရိုးရိုးခိုးယူတာမဟုတ်ဘဲ အကုန်ဖျက်ဆီးပြီးမှ ယူသွားခဲ့တာ။*

[၄]။ http://bitly.ws/xumN

*အခုတော့ ရင်းနှီးမြှုပ်နှံခဲ့တာတွေကအလဟာသဖြစ်ကုန်ပြီ။ အရင်တုန်းက တစ်ရက် သွပ်မရောင်းရဘူးဆိုရင် အနည်းဆုံး သိန်း ၆၀၊ ၇၀ ဝန်းကျင်ရောင်းရတယ်။ အိမ်ကလည်းလက်နက်ကြီးထိထားတယ်။ နောက်ထပ်ရှိတဲ့ စက်ရုံတစ်ရုံကလည်း တိုက်ပွဲတွေကြောင့် မလည်ပတ်နိုင်ဘူး။ အရှုံးခံစားရတယ်။ တစ်သက်လုံးကြိုးစားလုပ်ကိုင်သမျှ အာဏာမက်တဲ့လူတစ်စုကြောင့် ဘဝတွေအားလုံး ဖောက်ထိုးဖြစ်ခဲ့ရသည်ဟု”* သူမ၏ဖြစ်ရပ်ကိုပြောခဲ့သည်။

ထို့အပြင် နောက်ထပ်ဒေသခံတစ်ဦးမှ *“ကျတော်က မော်ချီးကို ကုန်ပစ္စည်းပို့တယ်။ အာဏာမသိမ်းခင် စီးပွားရေးအဆင်ပြေပေမဲ့ အာဏာသိမ်းပြီးနောက်ပိုင်းတော့ ဝင်ငွေတွ အများကြီးလျော့သွားတယ်။ သတ်မှတ်ထားတဲ့ရက်မှာဘဲ ခရီးထွက်ရတယ်။ ကားထွက်တဲ့ရက်ဆိုရင်လည်း လမ်းမှာ တိုက်ပွဲများဖြစ်မလားဆိုပြီး စိုးရိမ်ထိတ်လန့်မှုနဲ့ သွားနေရတယ်။ ဝမ်းရေးနဲ့ သားသမီးတွေကို ရှာဖွေကျွေးမွေးဖို့ကလည်းရှိသေးတော့ စွန့်စားပြီးသွားရတာပါဘဲ။ ကားတစ်စီးကို ဆန်အိတ် ၁၀ အိတ်ဘဲ တင်ခွင့်ပြုတယ်။ အဲ့ဒါကို ၁၁ အိတ်တင်မိလို့ ကျတော့ကား အဖမ်းခံရတဲ့အပြင် ယာဉ်မောင်းလည်း ထိုးကြိတ်ခံခဲ့ရတယ်။ ကျတော့ကားကို ၁၃ သိန်း (အမရိကန်ဒေါ်လာ ၄၀၀ ဝန်းကျင်) နဲ့ ပြန်ရွေးခဲ့ရတယ်”*ဟု စောအယ်(အမည်လွှဲ)မှ ၎င်း၏ အတွေ့အကြုံကိုပြောပြခဲ့သည်။

မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာအရ စစ်တပ်အာဏာသိမ်းခြင်းနှင့် ကိုဗစ်ပြဿနာများကြောင့် လူဦးရေ ၁.၆ သန်းသည် အလုပ်အကိုင်လက်မဲ့ ဖြစ်နေသည်ဟု ၂၀၂၂ခုနှစ် နှစ်ဦးပိုင်းတွင် ILO အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့မှ ထုတ်ပြန်ထားသည်။ တဆက်မှာတည်းမှာပင် အကြမ်းဖက်စစ်တပ်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများကြောင့် ကုန်စျေးနှုန်းများလည်း အဆမတန်ကြီးမြင့်လာသည်။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် လှိုင်ကော်မြို့၏ စားသောက်ကုန်စျေးနှုန်း များမှာ ရွှေဘိုပေါ်ဆန်းတစ်ပြည်လျှင် ၄၁၀၀ ကျပ်နှင့် ငစိန်ဆန်တစ်ပြည်လျှင် ၂၅၀၀ ကျပ် ထိရှိနေသည်။ အသားစျေးဆိုလျှင်လည်း ဒေသကြက်သား တစ်ပိဿာ ၁၄၀၀၀ကျပ်၊ ဝက်သား တစ်ပိဿာ ၁၅၀၀၀ကျပ်ထိရှိသည်။ ထို့အပြင် စက်သုံးဆီများလည်း ပြတ်လပ်လာမည့် အနေအထားရှိသောကြောင့် အကန့်အသတ်ဖြင့်သာ ရောင်းချပေးရာ ၂၀၂၂ ခုနှစ် ဩဂုတ်လမှစပြီး ဓါတ်ဆီတစ်လီတာလျှင် ၅၅၀၀ ကျပ်အထိ ရောင်းချလျှက်ရှိကြောင်း ဒေသတွင်းသတင်းများအရ သိရသည်။ ထို့ကြောင့် လူမှုစီးပွါးအဆင်ပြေရေးအတွက် အချို့သောလူငယ်များမှာ မိမိတို့၏မွေးရပ်မြေဌာနေကို မစွန့်ခွါချင်ပဲ စွန့်ခွါပြီး တစ်ဖက်နိုင်ငံ အိမ်နီးချင်း ထိုင်းနိုင်ငံသို့ တရားမဝင်လမ်းနှင့် တရားဝင်သောနည်းလမ်းများဖြင့်ပါ အလုပ်လုပ်ကိုင်ရန် အသီးသီးထွက်ခွါကြသည်။

***“တိုက်ပွဲဖြစ်နေတာကို ခိုးရဲတဲ့သူက စစ်တပ်နဲ့ ဆက်စပ်တဲ့သူတွေဘဲ ဖြစ်မှာပေ့ါ။ ကားနဲ့ကိုတင်ပြန်ကြတာ။ ရိုးရိုး ခိုးယူတာမဟုတ်ဘဲ အကုန်ဖျက်ဆီးပြီးမှ ယူသွားခဲ့တာ။”***

# နိဂုံး

အချုပ်အားဖြင့် ဆိုရသော် မြန်မာနိုင်ငံတွင် အကြမ်းဖက်စစ်ခေါင်းဆောင် မင်းအောင်လှိုင် ဦးဆောင်သည့် အကြမ်းဖက်စစ်တပ်သည် တိုင်းပြည်အာဏာကို မတရားသောနည်းလမ်းဖြင့် သိမ်းပိုက်ခဲ့သည်မှာ ယခုဆိုလျှင် ၂နှစ်နီးပါး ရှိလာနေပြီဖြစ်သည်။ လူမဆန်သည့် လုပ်ရပ်များဖြင့် ပြည်သူများအား အကြောက်တရားဖြင့် အုပ်ချုပ်ရန် ကြိုးစားလုပ်ဆောင်နေသည်မှာ အားလုံးအသိပင်ဖြစ်သည်။ အကြမ်းဖက်စစ်တပ်၏ လူ့ခွင့်အရေးချိုးဖောက်မှုများကို ကမ္ဘာသိပင်ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂနှင့် အနောက်နိုင်ငံများနှင့် ဒေသတွင်း အာစီယံနိုင်ငံများ၏ အကြမ်းဖက်စစ်တပ်အပေါ် လက်တွေ့ကျကျအရေးယူ ဆောင်ရွက်မှုများမရှိသည့်အတွက် မြန်မာပြည်သူများ အားမလို အားမရဖြစ်ကြရသည်။

အကြမ်းဖက် စစ်ကောင်စီသည် အရပ်သားများကို အကာအကွယ်ပေးခြင်းနှင့်ဆိုင်သော ဂျနီဗာကွန်ဗင်းရှင်း၏ ပုဒ်မ (၃) ၁(က) တွင် ရက်စက်ကြမ်းကြုတ်စွာ ညှင်းပန်းနှိပ်စက်ခြင်း၊ ပုံစံမျိုးစုံဖြင့် လူသတ်ခြင်း၊ ခေါ်းစာ ခံဖမ်းစီးခြင်း၊ မျက်ကွယ်တွင် ကွပ်မျက်မိန့်ချမှတ်ခြင်းနှင့် စစ်ရာဇဝတ်မြောက်သည့် မြို့၊ ရွာလူနေအိမ်အဆောက်အဦးများကိုဖျက်စီခြင်းကို ကျူးလွန်နေသည်။[၅] ထို့အပြင် ကုလသမဂ္ဂမှ ချမှတ်ထားသော[၆] အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်း ပုဒ်မ-၃ လူတိုင်းလွတ်လပ်စွာ အသက်ရှင်ခွင့်နှင့် လုံခြုံမှုရှိရမည်အပါအဝင် ပုဒ်မ-၅ ညှဉ်းပမ်းနှိပ်စက်ခြင်း၊ ပုဒ်မ-၉ ဥပဒေအရမဟုတ်သော ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်း အစရှိသော နိုင်ငံတကာဥပဒေများကို ချိုးဖောက်နေသည့် မြန်မာအကြမ်းဖက်စစ်တပ်အား ပိုမို ထိရောက်ပြင်းထန်သည့် အရေးယူဆောင်ရွက်မှုမျိုး အကောင်အထည် မဖော်နိုင်သည်မှာ လွန်စွာမှ အံ့ဩစရာကောင်းနေသည်။

မည်သို့ပင်ရှိစေကာမူ အာဏာသိမ်းစစ်အုပ်စု၏ ပြည်သူလူထုအပေါ် အကြမ်းဖက်နှိပ်စက် သတ်ဖြတ်နေမှုများကို ပြည်သူတရပ်လုံးက ငြိမ်ခံမနေပဲ နိုင်ငံတဝန်းရှိ တိုင်းရင်းသားလက်နက်ကိုင်တပ်၊ ပြည်သူ့ကာကွယ်တပ်များနှင့်တူ ဆက်လက်၍ ခုခံတော်လှန်နေရဦးမည်ဖြစ်သည်။ အထူးသဖြင့် ကယား (ကရင်နီ) ပြည်နယ်တွင် အကြမ်းဖက်စစ်တပ်၏ လူမဆန်သည့် ရက်စက်မှုများ ခံစားနေကြရပြီး၊ အပြစ်မဲ့ပြည်သူလူထု၊ ကလေးနှင့် အမျိုးသမီးများပါမကျန် အစုလိုက် အပြုံလိုက်ဖမ်းဆီးချုပ်နှောင်ပြီး မီးတင်ရှို့ သတ်ဖြတ်ခဲ့သည်မှာ မည်သည့် လူမှုအသိုင်းအဝိုင်းကမှ လက်မခံနိုင်သည့် ကြေကွဲဝမ်းနည်းဖွယ် ဖြစ်စဉ်တစ်ခုဖြစ်သည်။ ထို့ကြောင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှု (Crime Against Humanity) ဖြစ်သည့် လူသတ်ဖြတ်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ သိလျက်နှင် အစာရေစာ ပြတ်လပ်စေခြင်းစသည့် ရာဇဝတ်မှုများကို ကျူးလွန်နေသည့် တာဝန်ရှိ အကြမ်းဖက်စစ်တပ်မှ တာဝန်ရှိသူများကို နိုင်ငံတကာမှ ပြတ်ပြတ်သားသား ဖမ်းဆီး အရေးယူသင့်သည်။

ဤနေရာတွင် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာ (Transitional Justice) ယန္တယားသည် အင်မတန်မှ အရေးကြီးသည့်ကဏ္ဍဖြစ်သည်။ အသွင်ကူပြောင်းရေး တရားမျှတမှုဆိုသည်မှာ တရားစွဲဆိုအပြစ်ပေးခြင်းနှင့် ပြစ်မှုကျူးလွန်သူများ အပေါ်သာ တာဂန်ယူ တာဂန်ခံခိုင်းစေခြင်းသာမဟုတ်ဘဲ နစ်နာသူများကို ပြည်လည် ကုစားပေးလျော်ခြင်း၊ လူ့အခွင့်အရေးချိုးဖောက်ခံရသည့် အမှန်တရားအပေါ် အသိအမှတ်ပြု

---

၅။ https://www.un.org/en/genocideprevention/documents/atrocity-crimes/Doc.33_GC-IV-EN.pdf

၆။ https://www.un.org/en/ about-us/universal-declaration-of-human-rights

ခြင်းနှင့် ဝန်ခံခြင်းလည်းပါဝင်သကဲ့သို့ နောက်တစ်ကြိမ် ထပ်မံမဖြစ်ပွါးစေရန် အာမခံသည့် အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးတို့ ပါဝင်သည်။ ထို့ကြောင့် လူ့အခွင့်အရေး မှတ်တမ်းကွန်ရက်(မြန်မာနိုင်ငံ)၏ အဖွဲ့ဝင် အဖွဲ့အစည်းများသည် လူ့အခွင့်အရေး ချိုးဖောက်မှု အချက်အလက် မှတ်တမ်းများကို အခက်အခဲများကြား မှ ကောက်ယူကာ အမှန်တရား၊ တရားမျှတမှု၊ ပြန်လည် ကုစားပေးလျော်မှုနှင့် အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်း လဲရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေကြသည်။

## ၁ နှစ်ပြည့်
## မှတ်တမ်း ဓါတ်ပုံများ

ဓါတ်ပုံ – Karenni Generation Youth










# ငိုကြွေး နေသော ဘဝများ ၂၀၂၂

ကရင်နီပြည်မှ စစ်ဘေးရှောင် ပြည်သူများအား
အာဏာရှင်စစ်တပ်မှ အစုအပြုံလိုက်
အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခြင်း
နှစ်ပတ်လည်နေ့ ဒီဇင်ဘာ ၂၄ ရက်။

Email : office@nd-burma.org
website : www.nd-burma.org